ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ကိုးကန့်ဒေသတွင်ဖြစ်ပွားနေသော တိုက်ပွဲများနှင့်ပတ်သက်၍ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ သဘောထားထုတ်ပြန်ချက်-

ကိုးကန့်လူမျိုးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဝင်တိုင်းရင်းသားလူမျိုးများစာရင်းတွင် ပါဝင်နေသော လူမျိုးစုတစုဖြစ်သည်။ ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုးကန့်ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တခုအဖြစ် သတ်မှတ်ထားသည်။ ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (MNDAA) သည် ၁၉၈၉-ခုနောက်ပိုင်း န.ဝ.တ စစ်အစိုးရနှင့် ပထမဦးဆုံး အပစ်အခတ်ရပ်စဲခဲ့သော အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့သည်လည်း ၎င်းတို့၏ အမျိုးသားဆိုင်ရာအခွင့်အရေးများရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေသော အဖွဲ့အစည်းတခုဖြစ်သည်။ ကိုးကန့်လူမျိုးသည် မိမိတို့ (UNFC) တွင်ပါနေသော တိုင်းရင်းသားလူမျိုးများနှင့် ဘဝတူပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၄ - ခုနှစ်တွင်မိမိတို့ (UNFC) ၏ အဖွဲ့ဝင်အဖွဲ့အစည်းအဖြစ်ပါဝင်လာခဲ့ပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ ( NCCT) တွင်လည်းပါဝင်နေသည်။

ကိုးကန့်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (MNDAA) သည် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗ.က.ပ) မှခွဲထွက်ပြီး န.ဝ.တ/ န.အ.ဖ စစ်အစိုးရနှင့်အပစ်အခတ် ရပ်စဲထားသော ကာလတလျှောက်တွင် နှစ်ဘက်ဆက်ဆံရေးပြေပြစ်ခဲ့ကြသည်။ ၂၀၀၉-ခုနှစ်တွင် စစ်အစိုးရခေါင်းဆောင်များမှ ၎င်းတို့ကတိပေးထားသည့်အတိုင်း နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းမလုပ်တော့ပဲ အပစ်ရပ်အဖွဲ့ဝင်များ၏ တပ်ဖွဲ့ဝင်များအား ၎င်းတို့၏လက်အောက်ခံ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းလဲရန် အတင်းအဓမ္မဖိအား ပေးခဲ့သည်။ ဤလုပ်ရပ်အပေါ် အချို့သောအပစ်ရပ်အဖွဲ့အစည်းများနည်းတူ (MNDAA) အဖွဲ့မှ လက်မခံသဖြင့် ၎င်းတို့အဖွဲ့မှ ဖဲ့ထုတ်စည်းရုံး၍ရသောပုဂ္ဂိုလ်များကိုအားပြုပြီး (MNDAA) အား တိုက်ခိုက်ချေမှုန်းခဲ့သည်။ အတွင်းလူ၏သစ္စာဖေါက်ခြင်းနှင့် အလစ်အငိုက်ခံလိုက်ရသော ဦးဖုန်ကြားရှင် ဦးဆောင်သည့် (MNDAA) အဖွဲ့သည် ဆုံးရှုံးခြင်းများစွာဖြင့် အခြေခံဒေသမှရှောင်ခွါပေးခဲ့ရသည်။

စစ်အစိုးရ၏ မတော်မတရား အင်အားအလုံးအရင်းဖြင့်တိုက်ခိုက်ခြင်းကိုခံလိုက်ရသော (MNDAA) အဖွဲ့သည် စစ်အစိုးရအပေါ်နာကျည်းသောစိတ်၊ မဟုတ်မခံချင်သောစိတ်၊ ခိုင်မာသောစိတ်ဓါတ်များဖြင့် ၎င်းတို့၏ အမျိုးသားဆိုင်ရာအခြေခံအခွင့်အရေးများရရှိရေးအတွက် သိုသိပ်စွာအားကိုမွေးခဲ့ပြီး ယခုအခါ ၎င်းတို့၏အခြေခံဒေသဟောင်းတွင် ပြန်လည်အခြေချနိုင်အောင်ကြိုးပမ်းလာကြခြင်းဖြစ်သည်။ ဤသို့ကြိုးပမ်းခြင်းမှာ ၎င်းတို့ လူမျိုးပျောက်ကွယ်မသွားရေးနှင့် မွေးရာပါအခြေခံအခွင့်အရေးများရရှိရေးအတွက် အဖိနှိပ်ခံလူမျိုးတိုင်း၏ ဘဝပေးအသိဖြင့်ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုံဖြင့်ဖွဲ့စည်းထားသောနိုင်ငံတိုင်းတွင် တိုင်းရင်းသားလူမျိုးများအရေးကို မှန်ကန်စွာမဖြေရှင်းသ၍ ဤသို့သော ပဋိပက္ခများကိုရှောင်လွှဲနိုင်မည်မဟုတ်ပါ။

ယခုအခါ ကိုးကန့်ဒေသတွင်ဖြစ်ပေါ်နေသောတိုက်ပွဲကြောင့် ဒေသခံပြည်သူများ ဒုက္ခများစွာနှင့်ရင်ဆိုင်နေရကြောင်းကြားသိရပါသည်။ သတင်းမီဒီယာများမှတွေ့ရှိရသောအချက်အလက်များအရ စစ်ပွဲနှင့်မသက်ဆိုင်သော သက်ကြီးရွယ်အို၊ ကလေးများနှင့် အမျိုးသမီးများပါ သေဆုံးနေရသည့်အပေါ်

များစွာမကျေမချမ်း စိတ်ထိခိုက်မိပါသည်။ ထိခိုက်သေဆုံးနေရသော အပြစ်မဲ့ပြည်သူအများစုသည် ဒေသခံကိုးကန့်လူမျိုးအများစုဖြစ်မည်ဖြစ်၍ ထိုလုပ်ရပ်ကို ကိုးကန့်အဖွဲ့အစည်း(MNDAA)မှ ပြုလုပ်လိမ့်မည် မဟုတ်ကြောင်း ယုံကြည်သည်။

မိမိတို့နိုင်ငံအတွင်း ဖြစ်ပေါ်နေသောလက်နက်ကိုင်ပဋိပက္ခသည် နိုင်ငံရေးအပေါ်အခြေခံသော ပြဿနာဖြစ်ခြင်းကြောင့် နိုင်ငံရေးအရဖြေရှင်းရေးကိုဦးစားပေးဆောင်ရွက်သင့်သည်။ ဤပဋိပက္ခကို နှစ်ပေါင်း(၆၀)ကျော် (၇၀) နီးပါး စစ်ရေးဖြင့်သာဦးစားပေးဖြေရှင်းလာခဲ့ရာ ပြေလည်မှုမရနိုင်သည်ကို သက်ဆိုင်သူအားလုံးမှ ကောင်းစွာသိရှိနားလည်ကြပြီးဖြစ်သည်။ ထို့ကြောင့် ကိုးကန့်အဖွဲ့ (MNDAA) အား အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနည်းတူ အသိအမှတ်ပြု၍ ဤလက်နက်ကိုင်ပဋိပက္ခကို အမြန်ရပ်တံ့ပြီး အစိုးရ၏ကိုယ်စား (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ကိုယ်စား (NCCT) တို့၏ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲမှသည် နိုင်ငံရေးအရ ဆွေးနွေး ဖြေရှင်းရေးကို အမြန်ဖေါ်ဆောင်နိုင်ရန် ဦးစားပေး ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်း အကြံပြုတိုက်တွန်း အပ်ပါသည်။

| | |
|---|---|
| ၁၃၇၆- ခု တပေါင်းလဆန်း(၄)ရက် | ဗဟိုအလုပ်အမှုဆောင်ကော်မီတီ |
| ၂၀၁၅-ခုဖေဖေါ်ဝါရီလ(၂၁) | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ။ |


မီဒီယာဆက်သွယ်ရန်

၁။ နိုင်ဟံသာ UNFC ဒုတိယဥက္ကဌ
(မြန်မာဘာသာ) (+၆၆ (၀) ၈၈ ၄၁၈ ၇၅၂၇)

၂။ ဆလိုင်းထလာဟေး UNFC တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)
(အင်္ဂလိပ်ဘာသာ) (+၆၆ (၀) ၉၅ ၇၉၂ ၉၃၇၂)